# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# သစ်တောဦးစီးဌာန
# သစ်တောသုတေသနဌာန၊ ရေဆင်း

## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) စီမံကိန်း (Mekong-Lancang Cooperation Special Fund Project) အရ ဆောင်ရွက်လျက်ရှိသည့် "ရေအသုံးချခြင်းဆိုင်ရာ လုံခြုံမှုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းမှု အသိပညာပေးခြင်း စီမံကိန်း" ၏ အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) စီမံကိန်း တို့ ပူးပေါင်း၍ **"ရေအသုံးချခြင်းဆိုင်ရာ လုံခြုံမှုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းမှု အသိပညာပေးခြင်း စီမံကိန်း"** စီမံကိန်း အား ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ အထိ (၂) နှစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ အဆိုပါစီမံကိန်းအတွက် အရည်အချင်းပြည့်မီသည့် စီမံကိန်းလက်ထောက် Project Assistant (၁) ဦး လစ်လပ်လျက် ရှိပါသဖြင့် အောက်ဖော်ပြပါ သတ်မှတ် အရည်အချင်း ပြည့်မီသူများ လျှောက်ထားနိုင်ပါသည် -

(က) အနည်းဆုံး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ရုံးလုပ်ငန်း စီမံခန့်ခွဲခြင်းနှင့် ငွေစာရင်း စီမံခန့်ခွဲခြင်းဆိုင်ရာ အတွေ့အကြုံရှိသူ ဖြစ်ရပါမည်။ အစိုးရ ဝန်ထမ်းမဟုတ်သူ ဖြစ်ရ ပါမည်။

(ခ) ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရပါမည်။

(ဂ) အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်သူ၊ ပြောဆို ဆက်သွယ်နိုင်သူ ဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရပါမည်။

(င) အစမ်းခန့်ကာလအား (၆) လ သတ်မှတ်ပြီး လုပ်ငန်းဆောင်ရွက်မှု အပေါ် ကျေနပ်မှု ရှိပါက အတည်ပြု ခန့်အပ်သွားမည် ဖြစ်ပါသည်။

(စ) စီမံကိန်း ငွေစာရင်းလုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ပါက ဦးစားပေး စဉ်းစားမည် ဖြစ်ပါသည်။

(စ) အလုပ်ရာထူးနေရာမှ နှုတ်ထွက်လိုပါက စီမံကိန်း မန်နေဂျာထံသို့ အနည်းဆုံး (၁) လ ကြိုတင်၍ အသိပေး၍ တာဝန်ယူထားသည့် လုပ်ငန်းများ အပြီးသတ် ဆောင်ရွက်ပြီးမှ နှုတ်ထွက်ရမည် ဖြစ်ပါသည်။

၃။ တာဝန်ထမ်းဆောင်ရမည့် နေရာ - သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာန၊ စီမံကိန်းရုံး၊ ရေဆင်း။

၄။ တာဝန်ထမ်းဆောင်ရမည့် ကာလ - ၁၈ လ

၅။ လစာ - အမေရိကန် ဒေါ်လာ ၂၅၀ (USD 250)

၆။ လျှောက်လွှာနောက်ဆုံးပေးပို့ရမည့်ရက် - ၂၀၂၃ ခုနှစ် မေလ (၁၀) ရက်

၇။ စီမံကိန်းလက်ထောက် Project Assistant ၏ လုပ်ငန်းတာဝန်များ (Terms of Reference – TOR) မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

(က) စီမံကိန်းဆိုင်ရာ ဘဏ္ဍာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စီမံကိန်းလုပ်ငန်း အသုံးစရိတ်များ တင်ပြတောင်းခံခြင်း၊ လစဉ်ငွေစာရင်း ရှင်းတမ်းနှင့် အသုံးစရိတ် ပြေစာများပြုစုခြင်း စသည့် ငွေစာရင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ခ) ငွေစာရင်းဆိုင်ရာ လစဉ် ၃ လ ပတ်၊ ၆ လ ပတ်နှင့် နှစ်ချုပ် အစီရင်ခံစာ များ ပြုစုခြင်း။

(ဂ) စီမံကိန်း၏ ရုံးလုပ်ငန်းကိစ္စများ ဆောင်ရွက်ခြင်း။

၈။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင် အသေးစိတ်အချက်အလက်များနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်တို့ကို friyezinfd@gmail.com (cc to thidaswe@gmail.com) သို့ (**မဲခေါင်-လန်ချန်း စီမံကိန်း၏ စီမံကိန်းလက်ထောက် လျှောက်ထားခြင်း ခေါင်းစဉ်ဖြင့်**) ၂၀၂၃ ခုနှစ် မေလ (၁၀) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ လျှောက်ထားနိုင်ပါသည်။

၉။ အသေးစိတ် သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၄၃၀၁၀၉၁၆၉၊ ၀၉-၆၇၇၄၉၅၆၄၀ သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။